

နေအိမ်တွင်းမှာ ဝင်ငွေရှာ စဉ်းစားစရာ

# ငွေရှာနည်း ၁၀၀



Ways to Make Money

ရဲစတိုင်း-မြန်မာပြန်

mgyoe.com

mgyoe.com



နေအိမ်တွင်းမှာ ဝင်ငွေရှာ စဉ်းစားစရာ

# ငွေရှာနည်း ၁၀၀

ရဲစတိုင်း–မြန်မာပြန်

Ways to Make Money

by Kylie Of

YST0014

1,200.00 KS

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၅၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

ငွေရှာနည်း ၁၀၀
ရဲစတိုင်း ၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၅၊
စာမျက်နှာ ၁၁၄ မျက်နှာ၊ ၁၀ စင်တီ× ၁၆ ·၅ စင်တီ
(၁) ငွေရှာနည်း ၁၀၀

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

နေအိမ်တွင်းမှာ ဝင်ငွေရှာ စဉ်းစားစရာ

# ငွေရှာနည်း ၁၀၀
# Ways to Make Money

**Kylie Ofiu**

ရဲစတိုင်း–ပြန်ဆိုသည်။

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ

၁။ သင့်အိမ်ရဲ့ အခန်းတစ်ခန်းကို အသေဆောင်အဖြစ်ငှားပါ ၁
၂။ သင့်အိမ်ကို ရုပ်ရှင်ကုမ္ပဏီသို့ငှားပါ ၂
၃။ သင့်အိမ်ရဲ့ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းကို
သိုလှောင်ရုံအဖြစ် ငှားပါ ၄
၄။ သင့်အိမ်ဂိုဒေါင်ကို ငှားရမ်းပါ ၆
၅။ သင့်အိမ်ရဲ့ ကိုယ်ပိုင်ကားလမ်းနေရာကို
ကားရပ်နားရာနေရာအဖြစ် ငှားရမ်းပါ ၇
၆။ နံနက်စာနှင့် အိပ်ရာအခင်းအကျင်းဆောင်ရွက်ပါ ၈
၇။ သင့်အိမ်ရဲ့ရေကူးကန်ကို ရေကူးသင်တန်းအဖြစ်အသုံးပြုပါ ၉
၈။ သင့်ရေကူးကန်ကို ငှားရမ်းပါ ၁၀
၉။ သင့်အိမ်ခြံဝန်းတွင် ကြော်ငြာဆိုင်းဘုတ်များ ကြော်ငြာပါ ၁၁

mgyoe.com

mgyoe.com


၁၀။ ထုတ်ကုန် စမ်းသပ်သုံးစွဲသူအဖြစ် လုပ်ဆောင်ပါ ၁၃

၁၁။ ပြိုင်ပွဲများ ဝင်ပြိုင်ပါ ၁၄

၁၂။ မိသားစု နေ့စောင့်ရှောက်ရေးအလုပ်များ လုပ်ပါ ၁၅

၁၃။ သင့်ကုန်တင်ယာဉ်ကို ငှားပါ ၁၅

၁၄။ သင့်ကုန်တင်ယာဉ်၏ဘေးဘက်နံရံ သို့မဟုတ်
ဘေးအကာများမှာ ကြော်ငြာများကြော်ငြာပါ ၁၆

၁၅။ ဂိုဒေါင်ရှင်းစနစ် ပြုလုပ်ပါ ၁၇

၁၆။ အလှစိုက်မြက်ခင်းများ စိုက်ပျိုးရောင်းချပါ ၁၉

၁၇။ ဥယျာဉ်အလှဆင်မှုများ ဖန်တီးပါ ၂၀

၁၈။ အလှပန်းအိုးများနှင့် သစ်ပင်ပေါက်များရောင်းပါ ၂၀

၁၉။ ပျားရည်ရောင်းပါ ၂၂

၂၀။ ကြက်မွေးမြူရေးပြုလုပ်ပါ ၂၄

၂၁။ ကြက်ဥများ ရောင်းပါ ၂၅

၂၂။ သစ်သီးပင်များ ရောင်းပါ ၂၆

၂၃။ ကလေး လက်အိတ်၊ ခြေအိတ်များပြုလုပ်ပါ ၂၇

၂၄။ သင့်ကိုယ်ပိုင် လက်မှုရတနာပစ္စည်းများ ဖန်တီးပါ ၂၈

၂၅။ ပရိဘောဂများထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပါ ၂၉

၂၆။ ထမင်းစားပွဲများ၊ ကုလားထိုင်များ ပြုလုပ်ပါ ၃၁

၂၇။ အဝတ်အစားမီးပူတိုက်ခြင်း ဝန်ဆောင်မှုများပြုလုပ်ပါ ၃၂

၂၈။ အဝတ်လျှော်ဝန်ဆောင်မှု ပြုလုပ်ပါ ၃၃


mgyoe.com

mgyoe.com


၂၉။ ကိုယ်ရေးရာဇဝင် ရေးပါ ၃၄

၃၀။ အင်တာနက် Blog များ ဖန်တီးပါ ၃၅

၃၁။ တက္ကသိုလ်စာစဉ်များ ရိုက်ပါ ၃၆

၃၂။ အယ်ဒီတာ ပြုလုပ်ပါ ၃၇

၃၃။ ဈေးကွက်ချိတ်ဆက်မှု ပြုလုပ်ပါ ၃၈

၃၄။ ebook များ ဖန်တီးရောင်းချပါ ၃၉

၃၅။ စီးပွားရေးလုပ်ငန်းတွေအတွက် ဝက်ဘ်ဆိုဒ်များဖန်တီးပါ ၄၀

၃၆။ စားသောက်ဆိုင်မီနူးများ ဒီဇိုင်းဆွဲရိုက်နှိပ်ပါ ၄၁

၃၇။ လိပ်စာကတ်များ ဖန်တီးပြုလုပ်ပါ ၄၃

၃၈။ သင့်အိမ်ခြံဝင်းအား ပါတီပွဲပြုလုပ်နိုင်ရန် ငှားပါ ၄၄

၃၉။ သင့်သိုလှောင်ရုံကို ငှားရမ်းပါ ၄၅

၄၀။ မဂ္ဂဇင်းတွေမှာ ရယ်စရာဟာသလေးများရေးပါ ၄၆

၄၁။ မဂ္ဂဇင်းဆောင်းပါးများရေးပါ ၄၇

၄၂။ သတင်းစာနဲ့ မဂ္ဂဇင်းတွေအတွက် ကာတွန်းများ ပဟေဠိများ စိတ်ဝင်စားဖွယ်အချက်အလက်များ ရေးသားပေးပို့ပါ ၄၈

၄၃။ ကျောင်းကြိုပို့ ပြုလုပ်ပါ ၄၉

၄၄။ ကားအရောင်းအဝယ်ပြုလုပ်ပါ ၄၉

၄၅။ အလွတ်တမ်းသတင်းစာဆရာအဖြစ် ဆောင်ရွက်ပါ ၅၀

၄၆။ စာအုပ်အဟောင်းများ ရောင်းဝယ်ပါ ၅၁


mgyoe.com

mgyoe.com

၄၇။ ဘိယာဘူးခွံ၊ အအေးဘူးခွံများ စုဆောင်းရောင်းချပါ ၅၂
၄၈။ ပစ္စည်းများကို ပြန်လည်ပြင်ဆင်ရောင်းချပါ ၅၃
၄၉။ သင့်ဆံပင်ကို ရောင်းပါ ၅၄
၅၀။ မော်ဒယ်လ်လုပ်ပါ ၅၅
၅၁။ ရုပ်ရှင်ဇာတ်ရုံအဖြစ် ဆောင်ရွက်ပါ ၅၇
၅၂။ ခြေသည်းလက်သည်း အလှပြုသူအဖြစ်
ဆောင်ရွက်ပါ ၅၈
၅၃။ ကလေးငယ်များကို ပျော်တော်ဆက်ခြင်း ၆၀
၅၄။ မျက်နှာခြေးခြယ်ခြင်း ပြုလုပ်ပါ ၆၁
၅၅။ တိရစ္ဆာန်ပုံစံ ပူဖောင်းများပြုလုပ်ပါ ၆၂
၅၆။ ခရစ္စမတ်သစ်ပင်များ စိုက်ပျိုးရောင်းချပါ ၆၃
၅၇။ ခရစ္စမတ်ပီးသီး အလှဆင်ခြင်းများ ပြုလုပ်ပါ ၆၄
၅၈။ ခရစ္စမတ်ပူတင်းများ ပြုလုပ်ရောင်းချပါ ၆၅
၅၉။ ခရစ္စမတ်အဆင်တန်ဆာများ ပြုလုပ်ရောင်းချပါ ၆၆
၆၀။ ခရစ္စမတ်ခြေအိတ်များ ပြုလုပ်ရောင်းချပါ ၆၆
၆၁။ အီစတာပွဲတော်အတွက် ကြက်ဥနှင့်
အသုံးအဆောင်ပစ္စည်းများ ရောင်းပါ ၆၇
၆၂။ ဗီးချုံးဗီးသန်းများ ပြုလုပ်ရောင်းချပါ ၆၈
၆၃။ ရေခဲတုံး ပြုလုပ်ရောင်းချပါ ၆၉
၆၄။ သစ်သီးကောက်သူအဖြစ် ဆောင်ရွက်ပါ ၇၀

mgyoe.com

mgyoe.com

၆၅။ နှစ်သစ်ကူးပွဲတော်များတွင် အထူးပြုပြီးချောင်းများနှင့်
အရောင်တောက်ပသော ရတနာများ ရောင်းချပါ ၇၁
၆၆။ အိမ်မွေးတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်သည့်အလုပ်
ကမ်းလှမ်းပါ ၇၂
၆၇။ အိမ်မွေးခွေးနှင့်အတူတူ လမ်းလျှောက်သူအဖြစ်
ဆောင်ရွက်ပါ ၇၄
၆၈။ အိမ်မွေးတိရစ္ဆာန်များကို အလှအပပြင်ဆင်ပြုလုပ်ပါ ၇၅
၆၉။ အိမ်မွေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲများတွင်
သင်၏အိမ်မွေးတိရစ္ဆာန်အား ဝင်ရောက်ပြသယှဉ်ပြိုင်ပါ ၇၇
၇၀။ သင်၏ အိမ်မွေးတိရစ္ဆာန်ကို မော်ဒယ်လ်အဖြစ်
သရုပ်ဆောင်ပါစေ ၇၈
၇၁။ အပျော်တမ်းမြင်းစီးခြင်း ကမ်းလှမ်းပါ ၇၉
၇၂။ တိရစ္ဆာန်များ မွေးမြူရောင်းချပါ ၈၁
၇၃။ ဝက်သိုးများ (heirloom pigs) မွေးမြူရောင်းချပါ ၈၂
၇၄။ နွားမွေးပါ ၈၃
၇၅။ သဘာဝမြေသြဇာ ရောင်းပါ ၈၄
၇၆။ စီးပွားရေးလုပ်ငန်းများသို့ အလှမွေးငါးကန်များရောင်းပါ ၈၅
၇၇။ ငါးကန်သန့်ရှင်းရေး ပြုလုပ်ပါ ၈၇
၇၈။ ခွေးများကို လေ့ကျင့်သင်ကြားသူအဖြစ်
ဆောင်ရွက်ပါ ၈၈

mgyoe.com

mgyoe.com

၇၉။ တက္ကစီမောင်းပါ ၈၉
၈၀။ သူဌေးယာဉ်မောင်းအဖြစ် ဆောင်ရွက်ပါ ၉၀
၈၁။ ကား အသေးစိတ်ပြင်ဆင်မှုလုပ်ငန်းပြုလုပ်ပါ ၉၁
၈၂။ လေဆိပ် ကြိုပို့လုပ်ငန်း ၉၃
၈၃။ ပန်းများ လိုက်လံပို့ဆောင်ပါ ၉၄
၈၄။ မင်္ဂလာဆောင်ပွဲ၊ အလှူစသည့်
အခမ်းအနားများအတွက် ကားငှားပါ ၉၆
၈၅။ သင့်ကားကို အခြားသူအား ငှားပါ ၉၇
၈၆။ လမ်းပြအဖြစ် ဆောင်ရွက်ပါ ၉၈
၈၇။ ကလေးမွေးပြီးခါစ မိခင်များအတွက်
အိမ်သန့်ရှင်းရေးပြုလုပ်နိုင်ရန် ငှားရမ်းပါ ၉၉
၈၈။ မိခင်များအားကူညီပေးသူအဖြစ် ဆောင်ရွက်ပါ ၁၀၀
၈၉။ ကလေးထိန်းအဖြစ် ဆောင်ရွက်ပါ ၁၀၁
၉၀။ အိမ်စောင့်အလုပ် ပြုလုပ်ပါ ၁၀၂
၉၁။ အိမ်ထိန်းသိမ်းစောင့်ရှောက်သည့်အလုပ် လုပ်ကိုင်ပါ ၁၀၃
၉၂။ ကုန်တင်ကားများ သန့်ရှင်းရေးပြုလုပ်ပါ ၁၀၄
၉၃။ အိမ်မျက်နှာကြက်၊ အမိုးများသန့်ရှင်းရေးပြုလုပ်ခြင်း၊
ဆေးသုတ်ခြင်း ပြုလုပ်ပါ ၁၀၅
၉၄။ ကျောင်းသန့်ရှင်းရေးများ ပြုလုပ်ပါ ၁၀၆
၉၅။ တစ်ကိုယ်ရည်စောင့်ရှောက်ပေးသူအဖြစ် ဆောင်ရွက်ပါ ၁၀၇

mgyoe.com

mgyoe.com


၉၆။ သက်ကြီးရွယ်အိုစောင့်ရှောက်သူအဖြစ် ဆောင်ရွက်ပါ ၁၀၉

၉၇။ ဉယျာဉ်မှူးအလုပ် လုပ်ပါ ၁၁၀

၉၈။ ခြင်လုံဆန့်ခါ တပ်ဆင်ပါ ၁၁၁

၉၉။ အိမ်တံခါးမများ အစားထိုးတပ်ဆင်ပါ ၁၁၂

၁၀၀။ အိမ်ဆေးသုတ်ပါ ၁၁၃


၀

mgyoe.com

mgyoe.com

# နေအိမ်တွင်းမှာ - ဝင်ငွေရှာ

## စဉ်းစားစရာ ငွေရှာနည်း ၁၀၀

- ရဲစတိုင်း -

**Way to Make Money by Kylie Oflu**

mgyoe.com

mgyoe.com

## ၁ သင့်အိပ်ရဲ့အခန်းတစ်ခန်းကို အဆောင်အဖြစ်ထားပါ

သင်နေထိုင်တဲ့အိမ်ရဲ့အခန်းတစ်ခန်းကို အဆောင် အဖြစ်ထားရမ်းခြင်းက အမြန်ဆုံးနဲ့အလွယ်ကူဆုံး ပိုက်ဆံရှာဖွေသည့်နည်းလမ်းများထဲမှ တစ်ခုပင်ဖြစ် သည်။ ကောင်းမွန်တဲ့သဘောတူညီချက်နဲ့ စတင် ပြုလုပ်နိုင်ပြီး မိမိဘက်က စိုက်အားအနည်းဆုံးပေး ဖို့သာ လိုအပ်ပါတယ်။

သင့်ရဲ့အခန်းက ပရိဘောဂဆင်ယင်ထားခြင်း ရှိမရှိ၊ မိန်းကလေး (သို့) ယောကျ်ားလေး မည်သူ့ကို ငှားမည်၊ ဆေးလိပ်သောက်သူဆိုလျှင် မငှား၊ မသောက် သူသာလျှင် ငှားမည် စသည်ဖြင့် ကြော်ငြာရုံသာ လို အပ်ပါတယ်။ ကြော်ငြာကို သတင်းစာရဲ့ကြော်ငြာ ကဏ္ဍ သို့မဟုတ် တက္ကသိုလ်စာစောင် သို့မဟုတ် အင်

mgyoe.com

mgyoe.com


တာနက်မှာ ကြော်ငြာလို့ရပါတယ်။

လာရောက်လျှောက်သူတွေရှိပြီဆိုရင်တော့ အိမ်ရှင်၊ အိမ်ငှား အင်တာဗျူးပြုလုပ်နိုင်ပါပြီ။ သင် ကြိုတင်စိတ်ကူးထားတဲ့မေးခွန်းတွေ မေးလို့ရပြီး အခြေခံစည်းမျဉ်းလေးတွေ ချမှတ်လို့ရပါပြီ။ အကယ်၍ တစ်စုံတစ်ယောက်ကို မှုမမှန်ဘူးလို့ယူဆရင် သင့်ရဲ့ ကိုယ်ပိုင်အသိဉာဏ်ကို ယုံကြည်လိုက်ပါ။

ပရိဘောဂဆင်ယင်ပြီးအခန်းမျိုး သင့်မှာရှိတယ်ဆိုရင်တော့ အခြေခံလခထက် ပိုတောင်းလို့ရပါပြီ။ အစားအသောက်အတွက်ပါ စီစဉ်ပေးမယ်ဆိုရင်တော့ ငွေကြေးပိုရမှာဖြစ်ပါတယ်။ သင်နေတဲ့ နေရာအပေါ်မူတည်ပြီး အခန်းငှားခ တစ်ပတ်ကို ကျပ် ၁၀၀၀၀ မှ ၂၀၀၀၀ ကျော်အထိ ရနိုင်ပါတယ်။

## ၂ သင့်အိမ်ကို ရုပ်ရှင်ကုမ္ပဏီသို့ငှားပါ

ရုပ်ရှင်နဲ့ TV ဇာတ်လမ်းတွေထုတ်လုပ်တဲ့နေရာတွေရဲ့ အနီးအနားမှာသင်နေထိုင်တယ်ဆိုရင်တော့ သင့်အိမ်ကို ရှုတင်နေရာအဖြစ် ငှားရမ်းနိုင်ပါတယ်။ နေ့စဉ်နေ့တိုင်း သင့်အိမ်ကို တစ်နေ့လုံးအသုံးမပြုဘူးဆိုရင် ဒီနည်းလမ်းဟာလည်း ငွေအမြောက်အများ ရှာ

mgyoe.com

mgyoe.com


နိုင်တဲ့ နည်းတစ်ခုပါပဲ။

ရုပ်ရှင်ကုမ္ပဏီများဟာ စာချုပ်ကာလ ၉ လ သို့မဟုတ် ၉ လထက်ပိုပြီး အိမ်တစ်အိမ်ကို ငှားလိုကြပါတယ်။ ဘယ်အချိန်မှ ညပဲဖြစ်ဖြစ် နေ့နေ့ညည သင့်အိမ်ဟာလှုပနေမယ်ဆိုရင် ပိုကောင်းပါတယ်။ ဒါပေမဲ့ ငှားထားတဲ့အချိန်အတွင်းမှာ သင့်အိမ်ကို နေ့စဉ် အသုံးပြုမှာတော့မဟုတ်ပါဘူး။ TV ဇာတ်လမ်းတွေဟာ ရာသီအလိုက် ရိုက်ကူးတင်ဆက်တာဖြစ်တဲ့အတွက် သင့်အိမ်ကို အခန်းဆက်တိုင်းအတွက် အသုံးပြုမှာတော့ မဟုတ်ပါဘူး။ ဒါကြောင့် သင့်အိမ်နေရာမှာ ရိုက်ကူးတာ ရက်အနည်းငယ်သာ ကြာမြင့်မှာဖြစ်ပါတယ်။ စီးပွားရေးအနေနဲ့ ရုပ်ရှင်လုပ်ငန်းအတွက် သုံးမယ်ဆိုရင် တစ်ရက်နှစ်ရက်ခန့်သာ ကြာမြင့်နိုင်ပါတယ်။

ရိုက်ကူးသူတွေအနေနဲ့ သင့်အိမ်ကို အပြောင်းအလဲ လုပ်လိမ့်မယ်ဆိုတာကိုတော့ သတိပြုမိဖို့လိုအပ်ပါတယ်။ ရုပ်ရှင်ရိုက်ကူးနေစဉ်အတွင်း သင့်အိမ်မှာ ထိခိုက်နိုင်ချေရှိတာကိုလည်း သတိထားဖို့ လိုအပ်ပါတယ်။ ထို့ပြင် လူများစွာစုဝေးနေပြီး ထရပ်ကားတွေ၊ မော်တော်ကားတွေ စုဝေးနေခြင်းကလည်း သင့်ရဲ့ အိမ်နီးနားချင်း မိတ်ဆွေတွေကို စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။

mgyoe.com

mgyoe.com


TV ကြော်ငြာအတွက် တစ်ရက်ကို ၅၀၀၀၀ ကျပ်ကျော် ရရှိနိုင်မှာဖြစ်ပါတယ်။ သင့်အိမ်ရဲ့ ပြင်ဆင်ထားမှု ပရိဘောဂ အသုံးအဆောင်တွေက အဆန်းတကြယ်လှပနေမယ်ဆိုရင်တော့ ဒီ့ထက်ပိုပြီး ဝင်ငွေရမှာဖြစ်ပါတယ်။ ဒါကတော့ လူတိုင်းရှာဖွေနေတဲ့ အရာပါပဲ။

## ၃ သင့်အိမ်ရဲ့ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းကို သိုလှောင်ရုံအဖြစ် ငှားပါ

အကယ်၍ သင်ကိုယ်တိုင်လည်း အသုံးမပြုဘဲ ကျယ်ဝန်းတဲ့ ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းရှိတယ်ဆိုရင် ၎င်းအခန်းတွေကို ကုန်ပစ္စည်းသိုလှောင်ဖို့ လိုအပ်တဲ့သူတွေကို ငှားရမ်းနိုင်ပါတယ်။ စာချုပ်ကောင်းကောင်းချုပ်ဖို့တော့ လိုအပ်ပါတယ်။ မည်သူ့ကို ငှားမည်၊ မည်သည့်ကုန်ပစ္စည်းမျိုးကို သိုလှောင်ခွင့်ပြုမည်၊ မည်သည့်ကုန်ပစ္စည်းမျိုးကို သိုလှောင်ခွင့်မပြု၊ မိမိကုန်ပစ္စည်းကို ဘယ်နှစ်ကြိမ်လာရောက် စစ်ဆေးမည်၊ အခန်းငှားခ မည်မျှတောင်းမည်၊ စာချုပ်သက်တမ်းဘယ်လောက်ချုပ်မည်၊ စရံငွေ မည်မျှပေးရမည်နှင့် စာချုပ်ဖောက်ဖျက်လျှင် မည်သို့ဖြစ်မည် စသည်ဖြင့် ထည့်သွင်းချုပ်ဆိုရမည်။ အကြီးစား

mgyoe.com

mgyoe.com


စီးပွားရေးလုပ်ငန်းဖြစ်လျှင် ပိုမိုဈေးကြီးနိုင်သည်။ သို့သော် အကျိုးကျေးဇူးတစ်ခုမှာ ငှားရမ်းသူများသည် ၎င်းတို့၏ ကုန်ပစ္စည်းများကို ကြိုက်သည့်အချိန်တွင် လာရောက်သိုလှောင်နိုင်ပေသည်။ တစ်စုံတစ်ယောက်သည် လအနည်းငယ် ခရီးသွားရန် လိုအပ်နေသည်။ သူခရီးသွားနေစဉ်အတွင်း သူ့၏ပစ္စည်းများကို သိမ်းဆည်းထားရန်လိုအပ်ပါက သင်၏အိမ်မြေအောက်ခန်းသည် ငှားရမ်းဖို့ရာအကောင်းဆုံးဖြစ်ပေသည်။ သင့်တော်သော စာချုပ်တစ်ခုတော့ ရေးထားရန် လိုအပ်သည်။ သင် သိမ်းဆည်းခွင့်ပြုမည့်ပစ္စည်းသည် သင်၏အာမခံထားရှိသည့် ပစ္စည်းများနှင့် ကိုက်ညီမှုရှိမရှိ သို့မဟုတ် ယင်းတို့ကို အာမခံအသစ် ပြုလုပ်ရန် လိုအပ်မှုရှိမရှိ သင့်အာမခံကုမ္ပဏီနှင့် စစ်ဆေးတိုင်ပင်သင့်ပေသည်။ သိုလှောင်ခန်းငှားရမ်းရန် ရှာဖွေနေသည့်သူကိုသိလျှင်တော့ အကောင်းဆုံးပင်ဖြစ်သည်။ ထို့ကြောင့် သင့်ပတ်ဝန်းကျင်မှာ လိုက်လံမေးမြန်းစုံစမ်းခြင်း သို့မဟုတ် ကြော်ငြာစာရွက်ဝေခြင်း သို့မဟုတ် အများပြည်သူဖတ်ရှုနိုင်သော နေရာများတွင် ကြော်ငြာကပ်ခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။

ပစ္စည်းမည်မျှသိုလှောင်သိမ်းဆည်းမည်၊ အချိန်မည်မျှကြာကြာသိမ်းဆည်းမည်အပေါ် မူတည်၍ တစ်

mgyoe.com

mgyoe.com


ပတ်လျှင် ကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ အထိ ရှာဖွေရရှိနိုင်ပါသည်။

## ၄ သင့်အိမ်ဂိုဒေါင်ကို ငှားရမ်းပါ

ဒါဟာ သင့်အိမ်ရဲ့ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းကိုငှားရမ်းတာနဲ့ အလားသဏ္ဍာန်တူပါတယ်။ မတူတဲ့အချက်ကတော့ ငှားရမ်းအသုံးပြုသူတွေဟာ သင့်ရဲ့နေထိုင်မှုကိုမနှောင့်ယှက်ဘဲ သူတို့စိတ်ကြိုက်လွယ်လွယ်ကူကူအသုံးပြုနိုင်ပါတယ်။ ငှားရမ်းအသုံးပြုသူတွေကို ဂိုဒေါင်သော့ပေးထားလိုက်မယ်ဆိုရင် ကြိုက်နှစ်သက်ရာအချိန်မှာ လိုအပ်သလိုလာရောက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

သင့်အိမ်ရဲ့ထပ်ခိုး သို့မဟုတ် မြေအောက်ခန်းကို ငှားရမ်းသည့်နည်းတူ မည်၍မည်မျှသိုလှောင်နိုင်သည်၊ ငှားရမ်းခ၊ အာမခံထားရှိမှု၊ မည်သည့်အချိန်တွင် ပစ္စည်းများလာရောက်ထားမည် စသည့်အချက်များပါသော စာချုပ်တစ်ခုချုပ်ဆိုရန် လိုအပ်ပါသည်။ ပစ္စည်းမည်မျှ သိုလှောင်သိမ်းဆည်းမည်၊ အချိန်မည်မျှကြာကြာ သိမ်းဆည်းမည်၊ သင်နေထိုင်ရာနေရာ၏ ငှားရမ်းခဈေးနှုန်းအပေါ်မူတည်၍ ကျပ် ၃၀၀၀၀ကျော် ရှာဖွေရရှိနိုင်ပါသည်။

mgyoe.com

mgyoe.com


## ၅ သင့်အိမ်ရဲ့ ကိုယ်ပိုင်ကားလမ်းနေရာကို ကားရပ်နားရာနေရာအဖြစ် ငှားရမ်းပါ

အကယ်၍ သင်ဟာ မြို့ထဲမှာ သို့မဟုတ် ရုံးအဆောက်အဦတွေနားမှာ နေထိုင်တယ်ဆိုရင် ယင်းနေရာအနီး တစ်ဝိုက်မှာ အလုပ်လုပ်နေသူများအတွက် သင့်ရဲ့ကိုယ်ပိုင်ကားလမ်းနေရာကို ငှားရမ်းနိုင်ပါတယ်။ လူတိုင်း သူတို့အလုပ်နဲ့နီးတဲ့နေရာမှာ ကားရပ်နားခွင့်ရကြတာမဟုတ်သလို လူတိုင်းလည်း အများပြည်သူသုံးယာဉ်တွေကို စီးကြတာမဟုတ်ပါဘူး။ အချို့မြို့တွေမှာဆိုလျှင် ကားရပ်နားမှုအတွက် ဈေးကြီးပေးနေရပါတယ်။ ဒီဝန်ဆောင်မှုအတွက် ပိုက်ဆံရရုံတင်မက အခြားအကျိုးကျေးဇူးအနေနဲ့ သင့်ရဲ့ကိုယ်ပိုင်ကားလမ်းနေရာဖြစ်သည့်အတွက် ကားရပ်နားရာနေရာနားကို သူခိုးများ မလာရောက်နိုင်အောင် ဟန့်တားပြီးသားလည်း ဖြစ်ပါတယ်။

ဒီလိုကားရပ်နားဖို့ စိတ်ဝင်စားတဲ့ဝန်ထမ်းတွေရှိနိုင်မယ့်ကုမ္ပဏီတွေကို ဆက်သွယ်ပါ။ ပြီးတော့ သူတို့ဝန်ထမ်းတွေဆီကို email ပို့ပြီးဆက်သွယ်နိုင်မလား စုံစမ်းမေးမြန်းပါ။ သင်ပေးနိုင်တဲ့ ဝန်ဆောင်မှုအကျဉ်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာအသေးစိတ်ကို

mgyoe.com

mgyoe.com


စွမ်းသူများအတွက် ရေပေါ်လှေကျင့်ခန်းများ၊ ထိခိုက်ဒဏ်ရာရရှိထားသူများအတွက် ရေကုထုံးစသည့် အရာတွေကိုပင် လုပ်ဆောင်နိုင်ပါတယ်။

ဒီအတွက် လိုအပ်တဲ့အရာတွေ သင့်မှာ အားလုံးပြင်ဆင်ထားသည်ဆိုသည့်အကြောင်းကိုတော့ သင့်ရဲ့ရပ်ကွက် သို့မဟုတ် မြို့နယ်လူကြီးများကိုတော့ သေချာအောင် ပြောဆိုထားရပါမယ်။ အာမခံထားရှိမှုအတွက်လည်း သင့်အာမခံကုမ္ပဏီနဲ့ တိုင်ပင်ဆွေးနွေးထားရပါမယ်။ သင်တန်းတွေကို ကလေးများရေကူးသင်တန်းအတွက် ကျပ် ၇၀၀၀ မှ စတင်ယူနိုင်ပြီး ရေပေါ်အားကစားနည်းအမျိုးမျိုးအတွက် ကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ တိုးမြှင့်ရယူနိုင်ပါတယ်။

## ၈ သင့်ရေကူးကန်ကို ငှားရမ်းပါ

အကယ်၍ သင့်မှာ ရေပေါ်ကစားနည်းမျိုးစုံနဲ့ ပတ်သက်ပြီး မတတ်မြောက်ဘူးဆိုလျှင် သို့မဟုတ် တတ်မြောက်သော်လည်း သင်တန်းဖွင့်လှစ်ပို့ချမှု မပြုလုပ်လိုဘူးဆိုလျှင် သင့်ရေကူးကန်ကို အခြားပြုလုပ်ချင်သူတစ်ဦးဦးကို ငှားရမ်းနိုင်ပါတယ်။ ရေကူးကန်

mgyoe.com

mgyoe.com


ကို အသုံးပြုမည့်အချိန်၊ ငှားရမ်းခ၊ ၎င်းတို့၏ အာမခံ အသေးစိတ်၊ အိမ်၏အခြားအခန်းများအား လွတ်လပ်စွာအသုံးပြုနိုင်မှု (ဥပမာ အိမ်သာ၊ ရေချိုးခန်းစသည်) စသည့်အချက်များပါသော သဘောတူညီမှုစာချုပ်ချုပ်ရန် လိုအပ်ပါတယ်။ သင့်တော်သည့် ငှားရမ်းသူရရှိရန် သင် နေထိုင်ရာဒေသတွင်ရှိသော ရေကူးသင်တန်းကျောင်းတစ်ခုခုကို ဆက်သွယ်နိုင်ပါတယ်။ သတင်းစာမှာကြော်ငြာထည့်နိုင်သကဲ့သို့ ရပ်ကွက်ထဲရှိ မိခင်များ၊ သူငယ်ချင်းများ၊ မိသားစုများနှင့် ရပ်ကွက်အတွင်းနေထိုင်သော ပြည်သူများအား ပြောဆိုခြင်းဖြင့်လည်း ကြော်ငြာနိုင်ပါတယ်။ ဘယ်သူတွေက ဘယ်လိုအကြောင်းအရာတွေကို စိတ်ဝင်စားတယ်ဆိုတာ သင် မသိနိုင်ပါဘူး။

## ၉ သင့်အိမ်ခြံဝန်းတွင် ကြော်ငြာဆိုင်းဘုတ်များ ကြော်ငြာပါ

သင်ဟာ လူဦးရေထူထပ်ပြီး လူသွားလူလာများသည့် နေရာတွင်နေထိုင်လျှင် စီးပွားရေးလုပ်ငန်းများအတွက် ကြော်ငြာစာစောင်များ၊ ဆိုင်းဘုတ်များကို သင့်အိမ်ခြံဝန်းတွင် ကြော်ငြာနိုင်ပါသည်။ ဒါဟာ

mgyoe.com

mgyoe.com


စီးပွားရေးလုပ်ငန်းတွေကို လူသိများလာစေတဲ့ နည်းတစ်နည်းဖြစ်ပြီး သင့်ခြံဝန်းမှာ ကြော်ငြာတွေ ကပ်ခွင့်ပြုတာကလွဲလို့ သင်ဘာမှလုပ်စရာမလိုပါဘူး။ သင်ဆွေးနွေးရမည့်အကြောင်းအရာမှာ ဒီကြော်ငြာက မည့်သည့် အရွယ်အစားရှိသည်၊ အချိန်မည်မျှကြော်ငြာထားမည်၊ မည်ကဲ့သို့ ပြန်ဖယ်ရှားမည်၊ ဆိုင်းဘုတ်ပေါ်မှာ မည်သည့်အကြောင်းအရာပါရှိမည်၊ ကြော်ငြာဆိုင်းဘုတ်ကို ဖျက်ဆီးခံရမှုရှိပါက မည်သို့ဖြစ်မည်စသည့်အချက်များကို ကြော်ငြာမည့်သူနှင့် ဆွေးနွေးရပါမယ်။

ယင်းအလုပ်ကို စိတ်ဝင်စားသည်ဆိုလျှင် သင်တို့အနီးအနားရှိ လုပ်ငန်းရှင်တစ်ဦးဦးကို ဆက်သွယ်ပြီးကြော်ငြာဖို့ စိတ်အား ထက်သန်မှုရှိမရှိ မေးမြန်းနိုင်ပါတယ်။ သတင်းစာမှာထည့်မည့် ကြော်ငြာသေးသေးလေးဟာ ငွေကျပ် ၁၀၀၀၀ ကျော် ကုန်ကျနိုင်ပါတယ်။ ယင်းအတွက် သင့်အိမ်ခြံဝင်းမှာ ကြော်ငြာကြီးကြီးတစ်ခုကြော်ငြာလိုက်ခြင်းဟာ စီးပွားရေးလုပ်ငန်းတွေအတွက် ပိုမိုတွက်ချေကိုက်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ကြော်ငြာတစ်ခုအတွက် တစ်ပတ်လျှင် ငွေကျပ် ၅၀၀၀၀ ကျော် ရရှိနိုင်ပါတယ်။ တစ်ပတ်ထက် ပိုကြော်ငြာလျှင် ပိုရနိုင်ပါတယ်။

mgyoe.com

mgyoe.com


## ၁၀ ထုတ်ကုန် စမ်းသပ်သုံးစွဲသူအဖြစ် လုပ်ဆောင်ပါ

ကုမ္ပဏီအချို့က ၎င်းတို့ရဲ့ထုတ်ကုန်အသစ်တစ်ခု ထုတ်လုပ်ပြီဆိုလျှင် ယင်းထုတ်ကုန်ကို စမ်းသပ်သုံးစွဲပေးပြီး ထုတ်ကုန်နှင့်ပတ်သက်သည့် ထင်မြင်ချက်အမျိုးမျိုးကို ပေးနိုင်မည့်လူအချို့ကို လိုအပ်လေ့ရှိပါတယ်။ သင့်အနေနဲ့ ဤကဲ့သို့သော ကုမ္ပဏီများတွင် လျှောက်လွှာတင်ထားနိုင်ပါတယ်။ ၎င်းကုမ္ပဏီများက သူတို့တွင် ထုတ်ကုန်အသစ်စမ်းသပ်ရန် လိုအပ်သည့်အခါ သင့်ကိုဆက်သွယ်ပါလိမ့်မယ်။ အချို့ကုမ္ပဏီများက ထုတ်ကုန်အခမဲ့သုံးစွဲခွင့်နှင့်အတူ လက်ဆောင်ကတ်များလည်း ပေးနိုင်ပါတယ်။ အများစုကတော့ ထုတ်ကုန်ကိုပဲ အခမဲ့ပေးတတ်ကြပါတယ်။ သင့်မိတ်ဆွေများ၊ မိသားစုဝင်များနှင့် မျှဝေသုံးစွဲနိုင်လောက်အောင် ထုတ်ကုန် လုံလုံလောက်လောက်ရမှာဖြစ်ပါတယ်။

တစ်ခါတစ်ရံ နမူနာစမ်းသုံးပြီးသည့်အခါ စစ်တမ်းတိုတစ်ခု ကောက်ယူလေ့ရှိပါတယ်။ ယင်းမေးခွန်းလွှာကိုဖြေကြားဖို့ အချိန်တစ်မိနစ်ခန့်သာ လိုအပ်ပါတယ်။ ဒီလိုမျိုး ထုတ်ကုန်အသစ်ကို စမ်းသပ်သုံးစွဲတဲ့အတွက် ကျပ် ၂၀၀၀ ဝန်းကျင်ခန့်သာ ရနိုင်သော်လည်း သင်သုံးနေကျကုန်ပစ္စည်းကိုဝယ်ယူရန် မလို

mgyoe.com

mgyoe.com


အပ်သည့်အတွက် ဝယ်ယူမှုငွေ ကျပ် ၁၀၀၀၀ကျော် အထိ သက်သာစေပါတယ်။

## ၁၁ ပြိုင်ပွဲများ ဝင်ပြိုင်ပါ

ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဟာ ဝင်ငွေ ရရှိစေသည့် သေချာသည့်နည်းလမ်းတော့မဟုတ်ပါ။ သင်မပြိုင်လျှင်လည်း အနိုင်မရနိုင်ပါဘူး။ သတ်မှတ်ထားတဲ့ ဆုကြေးတိုင်းဟာ ငွေသားမဟုတ်ပါ။ လက်ဆောင်ကတ်၊ ရုပ်မြင်သံကြားစက်၊ အလှကုန်ပစ္စည်း အစရှိသဖြင့် ဆုပုံစံအမျိုးမျိုးဖြစ်နိုင်ပါတယ်။

ပြိုင်ပွဲတစ်ခုကို ဝင်ပြိုင်တော့မည်ဆိုလျှင် မှတ်တမ်းကောင်းကောင်းထားခြင်းဟာ အကူအညီရနိုင်စေပါတယ်။ ထို့ကြောင့် ဝင်ပြိုင်မည့်ပြိုင်ပွဲတစ်ခုစီတိုင်းကို သေသေချာချာ မှတ်တမ်းတင်ထားရပါမယ်။ ဤပြိုင်ပွဲကို မည်သည့်အချိန်မှာ ပြုလုပ်သည်၊ မည်သို့အကြောင်းအရာတွေပါသည်၊ သင့်အတွက် နိုင်ဖို့ အခွင့်အလမ်းရှိသလား စသည်တို့ကို မှတ်ထားရပါမယ်။

ဒီနည်းလမ်းဟာ ယုံကြည်စိတ်ချရတဲ့ ဝင်ငွေ ရရှိသည့် နည်းလမ်းမဟုတ်ပေမဲ့ ပြိုင်ပွဲပေါင်းများစွာ ဝင်ရောက် ယှဉ်ပြိုင်မည်ဆိုလျှင် တစ်နှစ်ပတ်လုံးအတွက်

mgyoe.com

mgyoe.com


ဝင်ငွေ ၅၀၀,၀၀၀ ကျော်တန်ဖိုးရှိ ဆုပစ္စည်း သို့မဟုတ် ငွေသားကို ရနိုင်မှာ ဖြစ်ပါတယ်။

## ၁၂ မိသားစု နေ့စောင့်ရှောက်ရေးအလုပ်များ လုပ်ပါ

သင့်အိမ်မှာ ကလေးတွေခေါ်ပြီး ထိန်းခြင်းဟာလည်း အပြင်ထွက်စရာမလိုဘဲ ငွေရှာနိုင်တဲ့နည်းတစ်ခုပါပဲ။ သင့်မှာ အရေးပေါ် အသက်ကယ်ကျွမ်းကျင်လက်မှတ်ရှိဖို့ လိုအပ်ပါတယ်။ ကလေးထိန်းတစ်ယောက်က ကလေးမည်မျှထိန်းခွင့်ရှိသည်ဆိုသည့် ဥပဒေလည်းရှိပါတယ်။ တစ်နေ့လျှင် ကလေး ငါးယောက်အထိ ထိန်းကျောင်းနိုင်ပါတယ်။ တစ်ပတ်ငါးရက်ဖွင့်မှာလား၊ အချိန်ပိုင်းအနေနဲ့ထိန်းမှာလား ဆိုသည်ကတော့ သင့်ရဲ့ရွေးချယ်မှုပင်ဖြစ်ပါတယ်။

## ၁၃ သင့်ကုန်တင်ယာဉ်ကို ငှားပါ

ကုန်တင်ယာဉ်တွေပိုင်ဆိုင်ကြတဲ့လူအများစုဟာ သူတို့ယာဉ်တွေကို နေ့စဉ်အသုံးမပြုနိုင်ကြပါဘူး။ ဂိုဒေါင်ထဲမှာ ဒါမှမဟုတ် ရပ်နားရာနေရာမှာပဲ ရပ်ထားလေ့ရှိပါတယ်။ ဒါကြောင့် ဒီကုန်တင်ယာဉ်ကို မောင်း

mgyoe.com

mgyoe.com


နှင်ဖို့ ငှားရမ်းခြင်းသည်လည်း သင့်ကို ငွေကြေးရရှိအောင်ပြုလုပ်နိုင်တဲ့နည်းတစ်ခုပဲဖြစ်တဲ့အတွက် ယာဉ်ပိုင်ဆိုင်မှုကနေ အကျိုးဖြစ်ထွန်းစေနိုင်ပါတယ်။

အနီးအနားပတ်ဝန်းကျင်ကို ငှားမည်ဆိုလျှင်တော့ စကားဖြင့်ကြော်ငြာတာက အကောင်းဆုံးနည်းလမ်းပါပဲ။ ဒါမှမဟုတ်လျှင် လက်ကမ်းစာစောင်နဲ့ဝေမျှခြင်း၊ ကြော်ငြာဘုတ်များမှာကြော်ငြာခြင်းကလည်း ကောင်းမွန်တဲ့နည်းလမ်းပါပဲ။ သင့်ကားကို မငှားခင် အာမခံပြုလုပ်ထားမှု သေချာအောင်စစ်ဆေးပါ။ တစ်ခုသတိပြုရမှာက သင့်ယာဉ်ကိုမငှားမီ စရန်ငွေယူထားဖို့ပင်ဖြစ်ပါတယ်။ သို့မှသာ သင့်ယာဉ်ကို မဆုံးရှုံးရမှာဖြစ်ပါတယ်။ သင့်ကုန်တင်ယာဉ်၏ အရွယ်အစားအပေါ်မူတည်ပြီး တစ်နေ့လျှင် ငှားရမ်းခ ကျပ် ၃၀၀၀၀ မှ ၈၀၀၀၀ အထိ ရနိုင်ပါတယ်။

## ၁၄ သင့်ကုန်တင်ယာဉ်၏ဘေးဘက်နံရံ သို့မဟုတ် ဘေးအကာများမှာ ကြော်ငြာများ ကြော်ငြာပါ

ကုန်တင်ယာဉ်၏ဘေးဘက်နံရံတွေမှာ စီးပွားရေးလုပ်ငန်းတွေအတွက် ကြော်ငြာများကြော်ငြာနိုင်ပါတယ်။ ဒီလိုမျိုးကြော်ငြာခြင်းဖြင့် သင့်ကုန်တင်ယာဉ်

mgyoe.com

mgyoe.com


မောင်းနှင်ရာတစ်လျှောက်မှာ ဒီကုန်ပစ္စည်းတွေကို လူတိုင်းမြင်တွေ့နိုင်သကဲ့သို့ သင့်အိမ်ရှေ့မှာ ရပ်ထားမည်ဆိုလျှင်လည်း လမ်းသွားလမ်းလာလူတိုင်း မြင်တွေ့နိုင်ပါတယ်။

ဒါကြောင့် စီးပွားရေးလုပ်ငန်းအချို့ကို ရိုးရိုးလေးပဲ ချဉ်းကပ်ပြီး ၎င်းတို့အနေဖြင့် ၎င်းတို့၏ကုန်ပစ္စည်းများကို သင့်နှင့် အတူပူးပေါင်းကြော်ငြာရန် စိတ်ဝင်စားမှုရှိမရှိ စုံစမ်းနိုင်ပါတယ်။ အကယ်၍ သင်နေတဲ့နေရာဟာ လူဦးရေထူထပ်ပြီး လမ်းသွားလမ်းလာများက သင့်ယာဉ်ကို အမြဲတမ်းမြင်နိုင်သည့်နေရာ သို့မဟုတ် သင့်ယာဉ်ကို ပုံမှန်အသုံးပြုနေတယ်ဆိုလျှင် သင့်ရဲ့ကမ်းလှမ်းချက်ဟာ ပိုပြီး ဆွဲဆောင်မှုရှိပါတယ်။ ကြော်ငြာအရွယ်အစား၊ သင်နေထိုင်ရာနေရာ၊ ဒီကြော်ငြာကို လူဘယ်လောက်များများတွေ့မြင်နိုင်မှာလဲ စတာတွေကို မူတည်ပြီး တစ်လလျှင် ငွေကျပ် ၅၀၀၀၀ မှ ၃၀၀၀၀၀၀ ထိ ရရှိနိုင်ပါတယ်။

## ၁၅ ဂိုဒေါင်ရှင်းစနစ် ပြုလုပ်ပါ

အောင်မြင်တဲ့ဂိုဒေါင်ရှင်းစနစ်တစ်ခုက သင့်ရဲ့ပစ္စည်းအဟောင်းတွေကို အိမ်ရှေ့မျက်နှာစာမှာ ထားရုံ

mgyoe.com

mgyoe.com


သာမက အကောင်းဆုံးကို မျှော်လင့်လို့ရပါတယ်။ ပစ္စည်းတွေကိုစုစည်းထားဖို့တော့ လိုအပ်ပါတယ်။ သင်ပိုင်ဆိုင်သမျှအရာတွေကို အမျိုးအစားခွဲပါ။ ရောင်းချမည့်ပစ္စည်းတွေကို သန့်ရှင်းပါ။ ပစ္စည်းအားလုံး အကောင်းပကတိအလုပ်လုပ်မှုကို သေချာစွာစစ်ဆေးပါ။ ရောင်းချမည့်နေ့ရက်ကိုသတ်မှတ်ပြီးပါက သင်ကြော်ငြာနိုင်ပါပြီ။ သင်တို့မြို့နယ်က ခွင့်ပြုသည်ဆိုလျှင် အိမ်နီးနားပတ်ဝန်းကျင်မှာ ကြော်ငြာဆိုင်းဘုတ်ပြုလုပ်နိုင်ပါတယ်။ ပစ္စည်းတွေပေါ်မှာ ဈေးနှုန်းသေချာကပ်ပြီး အားလုံးကို အလွယ်တကူ မြင်နိုင်၊ ဝယ်နိုင်အောင် ခင်းကျင်းပါ။ ဈေးနှုန်းအလွန်အကျွံမတင်မိစေဖို့ ဂရုစိုက်ပါ။ သင့်ကုန်ပစ္စည်းဟာ အခြားသူတွေဝယ်ချင်အောင် အဖိုးနှုန်းချိုသာပါစေ။

ပထမဆုံးလာဝယ်သူက ကျပ် ၃၀၀ တန်ပစ္စည်းတစ်ခုကို ၁၀၀၀ကျပ်တန်ပေးပါက အလွယ်တကူပြန်အမ်းနိုင်အောင် အကြွေများ ဆောင်ထားသင့်ပါတယ်။ အချိန်တိုင်း သင့်အနားမှာ ပိုက်ဆံအိတ်ကိုထားပါ။ သင်နေထိုင်ရာနေရာသည် ချက်ပြုတ်နိုင်သည့်နေရာဖြစ်ပါက ဂျုံမုန့်လုံးအချို့ ကြော်၍လည်းကောင်း၊ အသားချောင်းကြော်၍လည်းကောင်း သို့မဟုတ် အအေးအဖျော်ရောင်းချ၍ အပိုဝင်ငွေရှာနိုင်ပါတယ်။

mgyoe.com

mgyoe.com


ယေဘုယျအားဖြင့် သင့်မှာ ရောင်းချစရာပစ္စည်း များ များရှိပြီး ကောင်းကောင်းမွန်မွန်ရောင်းချမည်ဆိုလျှင် သင့်အတွက် ငွေကြေးအတော်အတန်ရရှိနိုင်မှာ ဖြစ်ပါတယ်။

## ၁၆ အလှစိုက်မြက်ခင်းများ စိုက်ပျိုးရောင်းချပါ

အလှစိုက်မြက်ပင်လေးတွေဟာ စိုက်ရတာ လွယ်ကူပြီး သင့်အတွက် ဝင်ငွေရှာဖို့လွယ်ကူစေပါတယ်။ ဗန်းတစ်ခုကို အလှစိုက်မြက်ပင်ပေါက် ခြောက်ခုခန့် စိုက်နိုင်ပါတယ်။ ဒီမြက်ပင်တွေအတွက် သင့်တော်တဲ့ အားဖြည့်ရည်ကိုတော့ လိုအပ်ပါတယ်။ ဒါပေမဲ့ အရမ်းဈေးမကြီးတာမျိုးဖြစ်ရပါမယ်။

စတင်ပြုလုပ်တော့မည်ဆိုလျှင် သင် လိုအပ်မည့် အရာတွေက မြက်ခင်းထည့်စိုက်မည့်ဗန်းများ၊ သဘာဝမြေသြဇာ၊ သတင်းစာနဲ့ မြက်ခင်းမျိုးစေ့တို့ပဲဖြစ်ပါတယ်။ မျိုးစေ့များကို အညှောက်ပေါက်အောင် ပြုလုပ်ပြီး ဗန်းထဲမှာစိုက်ပျိုးနိုင်အောင် ပြင်ဆင်ပါ။ ဗန်းကို ပြင်ဆင်တော့မည်ဆိုလျှင် ဗန်းအောက်ခြေမှာ သတင်းစာကို ဖြန့်ခင်းပါ။ သတင်းစာပေါ်မှာ မြေသြဇာ ဖြန့်ကြဲပါ။ အဲဒီနောက် အညှောက်ပေါက်ထားတဲ့ မျိုးစေ့

mgyoe.com

mgyoe.com


တွေကို အလွှာပါးပါးလေးကြဲပါ။ ရေဖြန်းပြီးပါက အေး၍မှောင်သောနေရာတွင် ထားပါ။ (အံဆွဲပုံစံ အဆင့်လိုက် ပြုလုပ်ထားလျှင် ပိုကောင်းပါသည်။) အပင်ပေါက်ကလေးများဖြစ်လာအောင် နေ့စဉ် ရေပုံမှန် လောင်းပါ။ ၅ စင်တီမီတာခန့် ရှည်လျားလာပါက နေရောင်ရရှိသည့်နေရာသို့ပို့၍ အစိမ်းရောင်ဖြစ်လာ အောင် ပြုလုပ်ပါ။

အလှစိုက်မြက်ပင်ပေါက်ကလေးတစ်ပင်ကို သို လှောင်ရုံမှာ ငွေကျပ် ၄၀၀၀ ဝန်းကျင်ခန့် ဝယ်ယူရရှိ နိုင်ပါတယ်။ သင်က အပင်ပေါက်ဗန်းတစ်ခုလျှင် ငွေ ကျပ် ၁၀၀၀၀ နှင့်ရောင်းပါက ဝယ်ယူသူကို ငွေကျပ် ၁၄၀၀၀ ခန့်သက်သာစေပါတယ်။ ထို့နည်းတူ အပင် ပေါက်တစ်ပင်ကို သင်က ငွေကျပ် ၃၀၀၀ ကျပ်နှင့် ရောင်းနိုင်ပါက ဝယ်ယူသူကို ၁၀၀၀ကျပ် သက်သာစေ ပါတယ်။ အကယ်၍ သင်ဟာ ရုံးတစ်ရုံးမှာ အလုပ် လုပ်တယ်ဆိုလျှင်တော့ သင့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေ ကို ရောင်းချဖို့ လွယ်ကူသွားပါပြီ။ သင် ရောင်းချတဲ့ ဈေးနှုန်းပေါ်မူတည်ပြီး အပင်ပေါက်ဗန်းတစ်ခုကို ၈၀၀၀ ကျပ်နှင့်ရောင်းပြီး တစ်ပင်ချင်းအတွက် ဈေး တင်ပြီးတော့ ရောင်းနိုင်ပါတယ်။

mgyoe.com

mgyoe.com


## ၁၇ ဥယျာဉ်အလှဆင်မှုများ ပန်တီးပါ

သံသတ္တုအပိုင်းအစများ၊ သစ်သားများစသည့် အရာဝတ္ထုများမှ ပန်းပုပုံစံအမျိုးမျိုးပြုလုပ်နိုင်ပါတယ်။ သင် ပြုလုပ်ထားသော ပန်းပုပုံစံမျိုးစုံကို ဈေးမှာ ရောင်းချခြင်း၊ အင်တာနက်မှရောင်းချခြင်း၊ သို့မဟုတ် မူကြို ကျောင်း အသေးလေးများမှအစ စီးပွားရေးလုပ်ငန်းများ အထိ သွားရောက်ပြီး မိတ်ဆက်ရောင်းချနိုင်ပါတယ်။

ဥယျာဉ်အလှဆင်မှုဆိုင်ရာ ပန်းပုပစ္စည်းများ ရောင်းရန်ဟူ၍ သင့်ရဲ့အိမ်မျက်နှာစာမှာ ကြော်ငြာပြီး ကိုယ်ပိုင်ဥယျာဉ်မှာ ဒီအရာတွေကို ခင်းကျင်းပြသနိုင် ပါတယ်။ ဤနည်းလမ်းဟာလည်း မိမိရဲ့ကုန်ပစ္စည်းကို အခြားလုပ်ငန်းတွေကို ဆွဲဆောင်နိုင်အောင် လွတ်လပ် စွာကြော်ငြာတဲ့နည်းတစ်ခုလည်းဖြစ်ပါတယ်။ သင် ပြုလုပ်တဲ့ ပစ္စည်းအရင်းအမြစ်နှင့် ရောင်းချသည့် ဈေး နှုန်းပေါ်မူတည်ပြီး အရုပ်တစ်ခုကို ငွေကျပ် ၄၀၀၀၀ ဝန်းကျင်ခန့်အထိ ရနိုင်ပါတယ်။

## ၁၈ အလှပန်းအိုးများနှင့် သစ်ပင်ပေါက်များရောင်းပါ

ဈေးကွက်မှာ အလှပန်းအိုးများကို ကောင်းကောင်း

mgyoe.com

mgyoe.com


ရောင်းဝယ်ကြပါတယ်။ ပန်းဖူးများကို ပန်းပွင့်လာသည့်အချိန်မှာ လှပအောင်ပြုလုပ်ကြပါတယ်။ သစ်ပင်ပေါက်ကလေးများမှာလည်း မျိုးစေ့မှ အလွယ်တကူစိုက်ပျိုးရရှိနိုင်ပါသည်။ ပန်းအိုးလေးတွေကို အလှဆင်ဖို့ရာ လိုအပ်ပါတယ်။

ပလတ်စတစ်အိတ်ကလေးများနှင့် ထည့်စိုက်ထားသော ပန်းအဖူးသီးသီးလည်း ရောင်းနိုင်ပါတယ်။ အမြစ်ပုံစံအဖူးလေးတွေဟာ မြေကြီးအောက်မှာ အဖူးများစွာအဖြစ်ပွားပြီး လွယ်ကူကူမျိုးပွားနိုင်တဲ့ အဖူးလေးတွေကိုလည်း ရောင်းချနိုင်ပါတယ်။

သင်ရောင်းချမည့် အပင်အမျိုးအစားနှင့် မည်ကဲ့သို့ပြင်ဆင်ထားသည် စသည့်အပေါ်မူတည်ပြီး သင့်ရဲ့အကျိုးအမြတ်မှာ ကွဲလွဲပါလိမ့်မည်။ ပန်းအိုးငယ်တစ်ခုကို ငွေကျပ်အနည်းငယ်ကနေ အပွင့်ပွင့်ပြီးအခက်အလက်စုံလင်သည့် ပန်းအိုးတစ်အိုးကို ငွေကျပ် ၅၀၀၀၀ အထိ ရရှိနိုင်ပါတယ်။

## ၁၉ ပျားရည်ရောင်းပါ

သင်ဟာ ပျားမွေးမြူရေးပြုလုပ်တယ်ဆိုလျှင် အကောင်းဆုံးနည်းလမ်းတွေထဲကတစ်ခုမှာ ၎င်းတို့မှ

mgyoe.com

mgyoe.com


များရည်ထုတ်လုပ်ရောင်းချခြင်းပင်ဖြစ်သည်။ လတ်ဆတ်တဲ့များရည်အရသာဟာ သိုလှောင်ပြီးရောင်းချတဲ့ များရည်အရသာထက် ပိုမိုကောင်းမွန်ပါတယ်။

များကောင်ရေ၊ လိုအပ်တဲ့ပစ္စည်းကိရိယာနဲ့ ပိုးသတ်ထားသောပုလင်း သို့မဟုတ် ပလတ်စတစ်ခွက်စတာတွေကိုတော့ သင်လိုအပ်ပါတယ်။ ကီလိုနဲ့ တွက်ပြီး ရောင်းမှာလား သို့မဟုတ် ပုလင်းသေးသေးလေးတွေနဲ့ရောင်းမှာလားဆိုသည့်အရာကတော့ သင့်အပေါ်မှာ မူတည်ပါတယ်။ ကုန်ကျစရိတ်လျှော့ချဖို့နဲ့ ဝယ်ယူသူကို ဆွဲဆောင်ဖို့အတွက်ကတော့ ဝယ်သွားပြီးသားပုလင်းကုန်သွားတဲ့အခါ ပုလင်းဟောင်းကို ပြန်ယူလာပြီး ဝယ်လျှင် ဈေးနှုန်းလျှော့ချပေးမည့်အကြောင်း ပြောဆိုနိုင်ပါတယ်။

ဈေးဆိုင်တွေမှာ၊ အင်တာနက်တွေမှာ ရောင်းချနိုင်သကဲ့သို့ သင့်ရဲ့သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ မိသားစုဝင်တွေကိုလည်း ရောင်းချနိုင်ပါတယ်။ ထို့ပြင် သင့်အိမ်မျက်နှာစာမှာ ကြော်ငြာပြီးလည်း ရောင်းချနိုင်ပါတယ်။ လှလှပပကောင်းမွန်စွာ ထုပ်ပိုးပြီးတော့ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေ၊ ကုန်စုံဆိုင်တွေမှာလည်း ရောင်းချနိုင်ပါတယ်။ များရည်တစ်ကီလိုဂရမ်ကို ငွေကျပ် ၄၀၀၀ မှ ၆၀၀၀ အထိ

mgyoe.com

mgyoe.com

ရောင်းချနိုင်သကဲ့သို့ ပုလင်းအသေးတစ်လုံးကို ငွေကျပ် ၅၀၀၀ ဝန်းကျင်နှင့် ရောင်းချနိုင်ပါတယ်။

## ၂၀ ကြက်မွေးမြူရေးပြုလုပ်ပါ

ကြက်မွေးမြူရေးလုပ်ငန်းဟာ လွယ်ကူပြီး စတင်ပြုလုပ်ဖို့ရာ ဈေးလည်းအရမ်းမကြီးပေ။ ကြက်လှောင်အိမ်များ၊ ကြက်ပေါက်စလေးများနှင့် ကျွေးမွေးရန်အစာသာ လိုအပ်သည်။ လက်မှုကျွမ်းကျင်လျှင် ကြက်ခြင်းတောင်းများကို သင်ကိုယ်တိုင်ပြုလုပ်နိုင်ပါတယ်။

ကြက်အမျိုးအစား အမျိုးမျိုးရှိသည့်အတွက် သင်မွေးမြူရောင်းချမည့် ကြက်အမျိုးအစားကိုတော့ သေချာစွာလေ့လာဖို့ လိုအပ်ပါတယ်။ ကြက်များကို ရောင်းချတော့မယ်ဆိုလျှင် ဈေးကောင်းရရန်အတွက် ကြက်သည် ဥအုနိုင်သော ကြက်ဖြစ်ရန် လိုအပ်ပါတယ်။ ဥမအုနိုင်သော ကြက်မျိုးကို ရောင်းလျှင် ငွေကြေး ၃၀၀၀ ကျပ်ဝန်းကျင် ရနိုင်သော်လည်း ဥအုနိုင်သောကြက်မျိုးဖြစ်လျှင် ကျပ်ငွေ ၅၀၀၀ ဝန်းကျင်အထိ ရနိုင်ပါတယ်။

mgyoe.com

mgyoe.com


## ၂၁ ကြက်ဥများ ရောင်းပါ

လတ်လတ်ဆတ်ဆတ်ဥထားတဲ့ ကြက်ဥ၊ ဘဲဥများဟာ သိုလှောင်သိမ်းဆည်းထားသည့်ဥများထက် အရသာ ပိုကောင်းမွန်ပြီး ဝယ်လိုအားလည်း ပိုများပါတယ်။ သင်လိုအပ်မည့်အရာတွေက ကြက်လှောင်အိမ်များ၊ ဥအုနိုင်တဲ့ ကြက်ကောင်ရေ အနည်းငယ်နှင့် ကျွေးမွေးရန်အစာတို့ပဲဖြစ်ပါတယ်။

ကြက်မွေးမြူရေးပြုလုပ်သကဲ့သို့ အလုပ်ရှုပ်စရာမရှိပါဘူး။ နေ့စဉ်ပုံမှန် ကြက်ဥမှုရှိမရှိစစ်ဆေးရန်၊ ပုံမှန်အစာကျွေးရန်၊ ရေတိုက်ရန် စသည်တို့ကို ပြုလုပ်ရန်သာ လိုအပ်ပါတယ်။ ကြက်အမျိုးအစားပေါင်းများစွာရှိသည့်အနက် အချို့ကြက်အမျိုးအစားများဟာ ပိုမိုဥအုနိုင်စွမ်းရှိပါတယ်။ ကြက်မများဟာ ဥမအုနိုင်သည့်ရက်များလည်းရှိပေရာ သင်မွေးထားသော ကြက်အားလုံး နေ့စဉ်နေ့တိုင်း တစ်နှစ်ပတ်လုံး ဥအုပေးမည်ဟု မမျှော်လင့်ပါနှင့်။

သင့်ကြက်ဥများကို ဈေးမှာရောင်းနိုင်သကဲ့သို့ သူငယ်ချင်းများ၊ မိသားစုဝင်များကိုလည်း ရောင်းနိုင်ပါတယ်။ သို့မဟုတ် သင့်အိမ်ရှေ့မျက်နှာစာမှာ ကြော်ငြာပြီးလည်း ရောင်းနိုင်ပါတယ်။ ကျွန်မ သိသမျှ

mgyoe.com

ကြက်ဥရောင်းသူတွေဟာ လုံလုံလောက်လောက် မရောင်းနိုင်ကြပါဘူး။ ဒါကြောင့် ကြက်ဥလိုအပ်သူတွေ အမြောက်အများရှိပါတယ်။ ကြက်အနည်းငယ်ရှိရုံနဲ့ ငွေအတော်များများ ရနိုင်ပါတယ်။ ကြက်ဥတစ်ဒါဇင်ကို ငွေကြေး ၁၅၀၀ ကျပ်မှ ၁၈၀၀ ကျပ် ဝန်းကျင်အထိ ရနိုင်ပါတယ်။

## ၂၂ သစ်သီးပင်များ ရောင်းပါ

မြန်မာပြည်မှာ သစ်သီးပင် အမျိုးအစားပေါင်းများစွာ ရှိပါတယ်။ သစ်သီးပင်အမျိုးအစားများစွာထဲမှာ အပင်ပုမျိုး၊ အပင်ကြီးမျိုး၊ ကိုင်းကူးကိုင်းဆက်အပင်မျိုး စသည်ဖြင့် အပင်အမျိုးအစားပေါင်းများရှိပါတယ်။ ဒီလိုသစ်သီးပင်တွေကို အစေ့များမှလည်း စိုက်ပျိုးရရှိနိုင်ပါတယ်။ အပင်ပေါက်များ ဝယ်ယူပြီးတော့လည်း စိုက်ပျိုးနိုင်ပါတယ်။ အကယ်၍ သင်ဟာ အစေ့ကနေ စိုက်ပျိုးတယ်ဆိုလျှင် အပင်ပေါက်ကလေးတွေကို ရောင်းချနိုင်ပါတယ်။ တစ်နှစ်သားခန့်ရှိတဲ့ အပင် သို့မဟုတ် အသီးသီးနိုင်သည့်အရွယ်ရှိအပင် စသည်ဖြင့် ရောင်းချနိုင်ပါတယ်။

ဈေးကွက်ထဲမှာရောင်းချတာက လွယ်ကူတဲ့နည်း

mgyoe.com

mgyoe.com


လမ်းဖြစ်ပေမဲ့ သင့်အနေနဲ့ လုပ်ငန်းရှင်တွေကို ချဉ်းကပ်ပြီး သင့်ရဲ့ သစ်သီးပင်တွေကို ဝယ်ယူပြီး ပြန်လည်ရောင်းချရန်စိတ်ဝင်စားမှုရှိမရှိ မေးမြန်းနိုင်ပါတယ်။ သင့်ရဲ့အပင်တွေအပေါ် အသုံးစရိတ်ကို မူတည်ပြီး အပင်တစ်ပင်ကို ကျပ် ၁၀၀၀၀ မှ ၃၀၀၀၀ အထိ ရနိုင်ပါတယ်။

## ၂၇ ကလေး လက်အိတ်၊ ခြေအိတ်များပြုလုပ်ပါ

ကလေးလက်အိတ်ခြေအိတ်လေးများ ပြုလုပ်ရောင်းချခြင်းဟာ လူသိများလာပြီး ပြုလုပ်ရတာလည်း လွယ်ကူပါတယ်။ သင်ကိုယ်တိုင်လုပ်ငန်းစဖို့ ခက်တယ်ဆိုလျှင် ရှိနှင့်ပြီးသားလုပ်ငန်းနှင့် ချိတ်ဆက်ပြီး ပြုလုပ်နိုင်ပါတယ်။ ရှိနှင့်ပြီးသားလုပ်ငန်း၏ လမ်းညွှန်ချက်အတိုင်း ပြုလုပ်သွားမည်ဆိုလျှင် စတင်ဖို့ရာ မခက်ခဲတော့ပေ။

သင်တစ်ဦးတည်း စတင်ပြုလုပ်မည်ဆိုလျှင် သင်ကိုယ်တိုင် ဈေးကွက်မြှင့်တင်နိုင်တဲ့ နည်းလမ်းတွေလည်း ရှိပါတယ်။ ရပ်ကွက်အတွင်းမှ မိခင်များ၊ ကလေးအသုံးအဆောင်ပြပွဲတွေ၊ အင်တာနက်မှတစ်ဆင့် ရောင်းချမှုတွေ ပြုလုပ်နိုင်ပါတယ်။

mgyoe.com

mgyoe.com


## ၂၄ သင့်ကိုယ်ပိုင် လက်မှုရတနာပစ္စည်းများ ဖန်တီးပါ

သင့်ကိုယ်တိုင် လက်မှုရတနာပစ္စည်းများ ဖန်တီးပြုလုပ်နိုင်တဲ့နည်းလမ်းတွေလည်း ရှိပါတယ်။ ပုတီးစေ့များကို အသုံးပြုပြီး လည်ဆွဲများ၊ နားကပ်များ၊ နားဆွဲများ ပြုလုပ်နိုင်သကဲ့သို့ စီးကွင့်များ၊ အရောင်စုံကျောက်များကို အသုံးပြုပြီးတော့လည်း လက်ရာလှပသေသပ်တဲ့ ရွှေငွေ ရတနာပစ္စည်းများ၊ ကလေးနာမည်များဖော်ပြသော သို့မဟုတ် မိသားစုသစ်ပင်ပုံစံ ဆွဲပြားဆွဲသီးလေးများ၊ လက်ပတ်များကို ပြုလုပ်နိုင်ပါတယ်။

သင် ပြုလုပ်နိုင်တဲ့အခြားအရာလေးတွေက ခွေးလည်ပတ်လှလှလေးတွေ၊ မိသားစုကိုကိုယ်စားပြုတဲ့နာမည်ဆွဲသီးလေးတွေ၊ နာမည်အစ စာလုံးလေးတွေပါတဲ့ ဆွဲသီးလေးတွေ စသည်ဖြင့် ပြုလုပ်နိုင်ပါတယ်။ ပုတီးစေ့လေးတွေကိုသုံးမယ်ဆိုလျှင်တော့ ဈေးနှုန်းသက်သာပြီးလှပတဲ့ဖန်တီးမှုလေးတွေ ပြုလုပ်နိုင်ပါတယ်။

သင်ကိုယ်တိုင် ဈေးကွက်မြင့်တင်နိုင်တဲ့ နည်းလမ်းများမှာ အင်တာနက်လူမှုဝက်ဘ်ဆိုဒ်တွေမှ ရောင်းချခြင်း၊ ဈေးသို့သွားရောင်းခြင်း၊ ပြပွဲများတွင် ဝင်ရောက်ပြသခြင်းတို့ ဖြစ်ပါတယ်။ သင်လုပ်နေတဲ့

mgyoe.com

mgyoe.com


အလုပ်ကို လူတွေသိသွားတဲ့အခါ သင့်ကို အလုပ်လာရောက်အပ်နှံကြမှာဖြစ်ပါတယ်။ နောက်ထပ် နည်းလမ်းတစ်ခုကတော့ လုပ်ငန်းရှင်တွေကိုချဉ်းကပ်ပြီး သင့်ရဲ့ လက်မှုအထည်တွေကိုရောင်းချပေးရန် ရှိမရှိ စုံစမ်းနိုင်ပါတယ်။ ဈေးဝယ်စင်တာများရဲ့ အတွင်း တစ်နေရာမှာ သင့်ရဲ့ လက်မှုပစ္စည်းလေးတွေကို ကောင်တာတစ်နေရာစာ ခင်းကျင်းရောင်းချနိုင်ပါတယ်။

နာမည်စာလုံးပါလက်ပတ်များကို တစ်ခုလျှင် ၂၀၀၀/၃၀၀၀ ဝန်းကျင်မှ စတင်ရောင်းချနိုင်ပြီး ပြုလုပ်ဖို့ရာ အချိန်တစ်နာရီ သို့မဟုတ် နှစ်နာရီခန့် ကြာမြင့်ပါတယ်။ ပုတီးကုံးလေးတွေဆိုလျှင်တော့ ပိုမို ဈေးသက်သာပါတယ်။

## ၂၅ ပရိဘောဂများထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပါ

သင့်မှာ အသုံးဝင်မည့် ကိရိယာပစ္စည်းများရှိတယ်၊ သင်ကိုယ်တိုင်လည်း စိတ်ရှည်တယ်ဆိုရင် ပရိဘောဂပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ပါတယ်။ သင် ပြုလုပ်ရမည့်အလုပ်အများစုမှာ ပရိဘောဂများ ဆေးကပ်ပြဲနေသည်များ ဖာထေးခြင်း၊ ကော်ပတ်စားခြင်း၊

mgyoe.com

mgyoe.com

အရောင်တင်ခြင်း၊ ဆေးအသစ်ထပ်ပိုးခြင်း စသည်တို့ပဲ ဖြစ်ပါတယ်။ ရှေးဟောင်းပစ္စည်းတွေကို ပြန်လည်ထိန်းသိမ်းလိုစိတ်ရှိတယ်ဆိုလျှင် ဒီလိုပြုလုပ်ခြင်းဟာ အတွေ့အကြုံနဲ့ ဗဟုသုတရစေတဲ့ အကောင်းဆုံးနည်းပဲ ဖြစ်ပါတယ်။

သင့်ပတ်ဝန်းကျင်ကို ရှာဖွေကြည့်မယ်ဆိုရင် ပရိဘောဂအဟောင်းတွေကို ဈေးချိုချိုနဲ့ဝယ်ယူပြီး ပြုပြင်ရောင်းချနိုင်တာကိုတွေ့ရပါလိမ့်မယ်။ ဒါမှမဟုတ် အခြားသူတွေရဲ့ပရိဘောဂပစ္စည်းတွေကို ပြုပြင်ပေးတာမျိုး ပြုလုပ်လို့ရတာ တွေ့ရပါလိမ့်မယ်။

ကြော်ငြာဖို့အတွက်ဆိုရင်တော့ လက်ကမ်းစာစောင်ဝေခြင်း၊ သတင်းစာထဲမှာကြော်ငြာခြင်း ပြုလုပ်နိုင်ပါတယ်။ အကောင်းဆုံးကြော်ငြာတဲ့နည်းကတော့ သင့်ပတ်ဝန်းကျင်ကို ပြောဆိုကြော်ငြာတဲ့နည်းပဲ ဖြစ်ပါတယ်။ သင့်ရဲ့မိတ်ဆွေ သူငယ်ချင်းတွေကို လိုအပ်တဲ့အခါ လက်ခ အခမဲ့ပြုလုပ်ပေးမည် သို့မဟုတ် ဈေးနှုန်းလျှော့ပေးမည်စသည်ဖြင့် မိတ်ဆက်ကြော်ငြာနိုင်ပါတယ်။ သင့်အနေနဲ့ သင်လုပ်ပေးနိုင်တဲ့အရာတွေကို ကတ်တလောက်တစ်ခုပြုလုပ်နိုင်ပါက သင့်မိတ်ဆွေတွေ အလွယ်တကူကြည့်ရှုနိုင်မှာဖြစ်ပါတယ်။ ပရိဘောဂပစ္စည်းတစ်ခု ပြုပြင်မှုဝန်ဆောင်ခ

mgyoe.com

mgyoe.com



အနေဖြင့် ငွေကျပ် ၁၀၀,၀၀၀ ထက် ပိုရနိုင်ပါတယ်။

## ၂၆ ထမင်းစားပွဲများ၊ ကုလားထိုင်များ ပြုလုပ်ပါ

ပင်ပန်းတဲ့အလုပ်တစ်ခုပေမဲ့ သစ်သားအကြောင်းနားလည်ပြီး ဝါသနာလည်းပါတယ်ဆိုရင် ငွေရှာနိုင်တဲ့နည်းတစ်ခုပဲဖြစ်ပါတယ်။ သင့်ရဲ့ပတ်ဝန်းကျင်မှာ သစ်သားအခမဲ့ရနိုင်မယ့်နေရာတွေကို သတင်းစာမှာ၊ အင်တာနက်မှာ ကြော်ငြာထားတာတွေကို ရှာဖွေကြည့်ပါ။ သစ်ပင်ခုတ်လှဲတဲ့သူတွေဆီမှာလည်း သစ်သားအခမဲ့တောင်းယူရနိုင်ပါတယ်။ သင်ဟာ သစ်သားအများစုကို အခမဲ့ရလေလေ သင့်အတွက် အကျိုးအမြတ်ကျန်လေပါပဲ။

သင်ပြုလုပ်ထားတဲ့ ပရိဘောဂပစ္စည်းတွေကို ဈေးမှာ တိုက်ရိုက်ရောင်းချလို့ရသလို လုပ်ငန်းရှင်အချို့ကိုလည်းချဉ်းကပ်ပြီး သင့်ပစ္စည်းတွေကို ရောင်းချပေးဖို့ ဆွဲဆောင်ပြောဆိုနိုင်ပါတယ်။ သစ်သားကိုအခမဲ့ သို့မဟုတ် ဈေးချိုချိုနဲ့သာ ရမည်ဆိုလျှင် လေးယောက်စာထမင်းစားပွဲတစ်စုံလျှင် ငွေကျပ် ၂၀၀၀၀၀ ဝန်းကျင်ရနိုင်ပါတယ်။

mgyoe.com